# ၂၀၂၄ ခုနှစ် တရုတ်အမျိုးသားရေးရာကော်မတီ၏ နိုင်ငံရပ်ခြားရှိ လူငယ်များအတွက် ဘာသာစကား လေ့လာရေးအတန်း

# (လက်တွေ့အတန်း)

# ယေဘူယျ မှတ်စု (မူကြမ်း)

၁။ လုပ်ရှားမှု ခေါင်းစဉ် - ပင်လယ်ရပ်ခြားရှိ လူငယ်များ၏ တရုတ်ဘာသာစကားစွမ်းရည်ကို တိုးမြှင့်နိုင်ရန်နှင့် 2024 ခုနှစ်တွင် စက်မှုလက်မှုမှ ပူးတွဲပို့ချသော လေးနှစ်တာစီးပွားရေးတက္ကသိုလ်ဘွဲ့ နိုင်ငံရပ်ခြားရှိ တရုတ်နွယ်ဖွား ကျောင်းသားကျောင်းသူများ လူငယ်နည်းပညာဆိုင်ရာ လေ့ကျင့်ရေးသင်တန်းနှင့် စက်မှုသင်တန်းကျောင်းတို့မှ ပူးပေါင်းဆောင်ရွက်သည့် တရုတ်ဘာသာစကား အကြား၊ အပြော၊ အဖတ်၊ အရေးနှင့် တရုတ်ဘာသာဖြင့် ကွန်ပျူတာအသုံးပြုခြင်းဆိုင်ရာ သင်တန်းကို လာရောက်ဆည်းပူးနိုင်ရန်တို့အတွက် ရည်ရွယ်ပြီး ထိုင်ဝမ်၏ ယဉ်ကျေးမှုပေါင်းစုံကို နားလည်သိရှိစေနိုင်ရန်လည်းဖြစ်သည်။

၂။ လုပ်ရှားမှုကာလ -

(၁) အတန်းကာလကို **3** ပတ် ၊ **4** ပတ် ၊ **6** ပတ် ခွဲခြားထားပြီး တနင်္လာနေ့မှ သောကြာနေ့ထိ တရုတ်ဘာသာစကားသင်ကြားမှု၊ ယဉ်ကျေးမှု၊ လေ့လာရေးစသည့် သင်တန်းရေးအစီအစဉ်များကို ထည့်သွင်းထားသည်။ ညပိုင်းအချိန်တွင် မိမိကိုယ်တိုင် လေ့လာခြင်း၊ သင်ကြားရေးအကူအညီရယူခြင်း သို့မဟုတ် အပန်းဖြေအနားယူခြင်းတို့ကို လုပ်ဆောင်နိုင်သည်။ စနေနှင့် တနင်္ဂနွေနေ့များတွင် အနုပညာ၊ ယဉ်ကျေးမှုနှင့် ဖျော်ဖြေရေးလှုပ်ရှားမှုများကို အလိုက်သင့် စီစဉ်ပေးထားသည်။

(၂) အတန်းတစ်ခုစီအတွက် လေ့လာရမည့်ရက်စွဲနှင့် စာရင်းပေးသွင်းနိုင်သည့် ကျောင်းသားအရေအတွက်ဇယားကို ပူးတွဲပါ 1 တွင် ဖတ်ရှုလေ့လာပါ။

(၃) လေ့လာရေးပထမနေ့သည် လေဆိပ်အကြိုနှင့် ရောက်ရှိလုပ်ငန်းစဉ်အတွက်ဖြစ်ပြီး လေ့လာရေးနောက်ဆုံးနေ့သည် လေဆိပ်အပို့လုပ်ငန်းစဉ်အတွက်ဖြစ်သည်။ လေဆိပ်အကြိုအပို့ကို ထောင်ယွမ်နိုင်ငံတကာ လေဆိပ်တွင်သာ လုပ်ဆောင်မည်ဖြစ်သည်။

၃။ အရည်အချင်းများ -

(၁) ပင်လယ်ရပ်ခြားရှိ တရုတ်နွယ်ဖွား လူငယ်များ -

1. နိုင်ငံရပ်ခြားတွင် နေထိုင်ပြီး အသက် ၁၄ နှစ်မှ ၂၀ နှစ်အောက် လူငယ်များ၊ အသက်အရွယ်အပိုင်းအခြားကို အဆိုပါ လျှောက်ထားမှု၏ အတန်းစတင်ဖွင့်လှစ်သည့်နေ့အထိ တွက်ချက်ပေးမည်ဖြစ်သည်။ (နိုင်ငံကူးလက်မှတ်တွင်ပါရှိသော မွေးသက္ကရာဇ်ကို အတည်ပြုမည်။) နေထိုင်သည့်နိုင်ငံတွင် နိုင်ငံကူးလက်မှတ်ရှိခြင်း သို့မဟုတ် နိုင်ငံရပ်ခြားတွင် နေထိုင်ကြောင်း ဖြည့်စွက်ဗီဇာရှိခြင်းတို့အပြင် လက်ရှိတွင် နိုင်ငံရပ်ခြားတွင် နေထိုင်နေသော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာသန်စွမ်းပြီး ပညာရေးဆိုင်ရာအကျင့်စာရိတ္တကောင်းမွန်၍ တရုတ်ဘာသာစကားကို သင်ယူလိုစိတ်မြင့်မားပြီး အုပ်စုလိုက်နေထိုင်နိုင်သူဖြစ်သည့်အပြင် ၊ တရုတ်နွယ်ဖွားကတ်ကိုကိုင်ဆောင်ထားနိုင်သူများ အကျုံးဝင်မည်ဖြစ်သည်။
2. ဦးစားပေး ဝင်ခွင့်အရည်အချင်းပြည့်မီသူများ - လျှောက်ထားသောကျောင်းသားအနေဖြင့် ထိုင်ဝမ်ရှိ တက္ကသိုလ်တစ်ခုခုသို့ ဝင်ရောက်ရန်လျှောက်ထားခြင်း သို့မဟုတ် 2024 ခုနှစ်တွင် စက်မှုလက်မှုမှ ပူးတွဲပို့ချသော လေးနှစ်တာ စီးပွားရေးတက္ကသိုလ်ဘွဲ့၊ နိုင်ငံရပ်ခြားရှိ တရုတ်နွယ်ဖွားကျောင်းသားကျောင်းသူများ လူငယ်နည်းပညာဆိုင်ရာ လေ့ကျင့်ရေးသင်တန်းနှင့် စက်မှုသင်တန်းကျောင်းတို့မှ ပူးပေါင်းဆောင်ရွက်သည့်အတန်းကို တက်ရောက်မည့် ကျောင်းသားသစ်များ အနေဖြင့် ကျောင်းဝင်ခွင့်လျှောက်ထားခြင်း သို့မဟုတ် လျှောက်အပ်နှံထားခြင်းစသည့်အထောက်အထားများကို ပူးတွဲတင်ပြပါက ဦးစားပေးရွေးချယ်မည်ဖြစ်သည်။

(၂) ထိုင်ဝမ်တရုတ်ဘာသာစကား သင်ကြားရေးစင်တာနှင့် နိုင်ငံရပ်ခြားရှိ

ပင်မကျောင်းများမှ တရုတ်နွယ်ဖွားမဟုတ်သော ကျောင်းသားကျောင်းသူများ (တစ်ကမ္ဘာလုံးဆိုင်ရာ သင်တန်း - အပတ်စဉ် 2 ၊ တစ်ကမ္ဘာလုံးဆိုင်ရာ သင်တန်း - အပတ်စဉ် 3 တို့ကိုသာ မှတ်ပုံတင်ရန် ကန့်သတ်ထားသည်။)

1. ထိုင်ဝမ်တရုတ်ဘာသာစကား သင်ကြားရေးစင်တာသည် အသက် 14 မှ 20 အတွင်း လူငယ်ကျောင်းသားများ ဝင်ရောက်အပ်နှံရန်အတွက် အာမခံပေးသည်။ <u>နာမည်စာရင်းပေးသွင်းချိန်တွင် ဆရာဆရာမ၏ ထောက်ခံစာကို ပူးတွဲတင်ပြရမည်။</u>
2. ဥရောပနှင့် အမေရိကန်ပြည်ထောင်စုရှိ ပင်မကျောင်းများတွင် လက်ရှိစာသင်ကြားပေးနေသော ထိုင်ဝမ်နွယ်ဖွား တရုတ်ဆရာဆရာမများသည် တစ်ဦးလျှင် အသက် 14 မှ 20 အတွင်းရှိ ကျောင်းသား 2 ဦးကို ထောက်ခံပေးနိုင်သည်။ လူမျိုးကန့်သတ်ချက်များမရှိပါ။ <u>နာမည်စာရင်းပေးသွင်းချိန်တွင် ဆရာဆရာမ၏ ထောက်ခံစာကို ပူးတွဲတင်ပြရမည်။</u>

၄။ နာမည်စာရင်းပေးသွင်းခြင်းအဆင့်ဆင့် -

(၁) နာမည်စာရင်းပေးသွင်းရမည့်ကာလ (ထိုင်ဝမ်အချိန်) -

1. တစ်ကမ္ဘာလုံးဆိုင်ရာ အတန်း (အပတ်စဉ် 2) ၊ တစ်ကမ္ဘာလုံးဆိုင်ရာ အတန်း (အပတ်စဉ် 3) - ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃ရက်နေ့မှ စတင်၍ နာမည်စာရင်းပေးသွင်းခြင်းကို လက်ခံမည်။ အဆိုပါ အပတ်စဉ် သတ်မှတ်အရေအတွက် ပြည့်သည့်အချိန်အထိ ဖြစ်သည်။
2. ဒေသဆိုင်ရာ အထူးအတန်းများ - အတန်းမစတင်မီ 6 လအလိုတွင် အမည်စာရင်းပေးသွင်းခြင်းကို စတင်လက်ခံမည်ဖြစ်ပြီး လက်ရှိအပတ်စဉ်အတွက် ကျောင်းသားဦးရေ ပြည့်သည့်အခါ ဖောင်ပိတ်မည်ဖြစ်သည်။

(၂) နာမည်စာရင်းပေးသွင်းနိုင်သည့် နည်းလမ်းများ -

1. တစ်ကမ္ဘာလုံးဆိုင်ရာ အတန်း (အပတ်စဉ် 2) ၊ တစ်ကမ္ဘာလုံးဆိုင်ရာ အတန်း (အပတ်စဉ် 3) - အမည်စာရင်းပေးသွင်းရန် ဖောင်မပိတ်ခင် ကျွန်ုပ်တို့၏ ကော်မတီ "ပြည်ပတရုတ်နွယ်ဖွားရေးရာလုပ်ရှားမှု နာမည်စာရင်းပေးသွင်းသည့်စနစ်" (ဝဘ်ဆိုက် - http://register.ocac.gov.tw/ နာမည်စာရင်း ပေးသွင်းနိုင်သည်။
2. ဒေသဆိုင်ရာ အထူးအတန်းများ - အမည်စာရင်းပေးသွင်းရန် ဖောင်မပိတ်ခင် နိုင်ငံရပ်ခြားရှိ ကျွန်ုပ်တို့ (ထိုင်ဝမ်) ပြည်ပရေးရာစင်တာရှိ တရုတ်နွယ်ဖွားရေးရာဆောင်ရွက်ရေးကော်မတီ သို့မဟုတ် နိုင်ငံရပ်ခြားရှိ တရုတ်ဘာသာသင်ကြားရေးစင်တာတွင် အမည်စာရင်းပေးသွင်းပါ။ ဆက်သွယ်ရန် အချက်အလက်များအတွက် ပူးတွဲပါ 2 ကို ဖတ်ရှုပေးပါ။

(၃) အကဲဖြတ်သုံးသပ်ခြင်းအဆင့်ဆင့် - ကျောင်းသား အမည်စာရင်းပေးသွင်းထားသည့် အချက်အလက်များကို ပထမအဆင့်တွင် ကျွန်ုပ်တို့ (ထိုင်ဝမ်) ပြည်ပရေးရာစင်တာရှိ တရုတ်နွယ်ဖွားရေးရာဆောင်ရွက်ရေးကော်မတီ သို့မဟုတ် နိုင်ငံရပ်ခြားရှိ တရုတ်ဘာသာသင်ကြားရေးစင်တာမှ အကဲဖြတ်သုံးသပ်မည် (အကယ်၍ ကျွန်ုပ်တို့ ကော်မတီမှ အဆိုပါ ဒေသတွင် တာဝန်ထမ်းဆောင်နေသောသူ မရှိပါက ကျွန်ုပ်တို့ကော်မတီရှိ နိုင်ငံရပ်ခြားတရုတ်နွယ်ဖွားရေးရာကော်မတီကို တာဝန်ယူဆောင်ရွက်ပေးနေသောသူအား ကနဦးအဆင့် အကဲဖြတ်မှုကို လုပ်ဆောင်စေမည်။)။ ဒုတိယအဆင့်အနေဖြင့် ကျွန်ုပ်တို့ ကော်မတီမှ ထပ်မံအကဲဖြတ်မည်ဖြစ်ကာ လုပ်ဆောင်မှုအပြီးတွင် ကျွန်ုပ်တို့ ကော်မတီ နိုင်ငံရပ်ခြားရှိ ပြည်ပရေးရာစင်တာရှိ တရုတ်နွယ်ဖွားရေးရာဆောင်ရွက်ရေးကော်မတီနှင့် နိုင်ငံရပ်ခြားရှိ တရုတ်ဘာသာသင်ကြားရေးစင်တာများကို ဝင်ခွင့်ရလဒ်များ ပေးပို့သွားမည်ဖြစ်သည်။

(၄) ကျေးဇူးပြု၍ **i** တရုတ်နွယ်ဖွားကတ်ကို ကိုင်ဆောင်ထားသူများ အောက်ပါ စာရွက်စာတမ်းများ၏ အီလက်ထရွန်နစ်ဖိုင်များကို အမည်စာရင်းပေးသွင်းသည့် စနစ်ဖြစ်သော "စာရွက်စာတမ်းများ တင်သွင်းခြင်း" အကွက်တွင် စကင်ဖတ်ကာ အပ်လုဒ်လုပ်ပေးရမည်ဖြစ်သည်။

1. မိမိ၏ ဓာတ်ပုံ၏ အီလက်ထရွန်းနစ်ဖိုင်။
2. သက်တမ်းရှိသေးသော နိုင်ငံရပ်ခြားရှိ နိုင်ငံကူးလက်မှတ်မိတ္တူ။
3. လျှောက်ထားသူနှင့် သူ၏ မိဘများမှ လက်မှတ်ရေးထိုးထားသော ပညာသင်ကြားခြင်းသဘောတူညီချက်ပုံစံ။
4. ဆရာဝန်မှ လက်မှတ်ရေးထိုးထားပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသော ကျန်းမာရေး ဆေးစစ်ဆေးမှုရလဒ် **(**<u>တီဘီရောဂါအတွက် ရင်ဘတ်ဓာတ်မှန်ရိုက်ခြင်း နှင့် အသည်းရောင်အသားဝါ **B** မျက်နှာပြင် အန်တီဂျင်စစ်ဆေးခြင်း မရှိသူများကို လက်ခံမည်မဟုတ်ပါ။</u>**)**
5. ထိုင်ဝမ်သို့ ကျောင်းလာရောက်တက်ရောက်ရန် လျှောက်ထားသော ကျောင်းသားအနေဖြင့် ထိုင်ဝမ်ရှိ တက္ကသိုလ်တစ်ခုခုသို့ ဝင်ရောက်ရန် လျှောက်ထားခြင်း သို့မဟုတ် 2024 ခုနှစ်တွင် စက်မှုလက်မှုမှ ပူးတွဲပို့ချသော လေးနှစ်တာ စီးပွားရေးတက္ကသိုလ်ဘွဲ့၊ နိုင်ငံရပ်ခြားရှိ တရုတ်နွယ်ဖွား ကျောင်းသားကျောင်းသူများ လူငယ်နည်းပညာဆိုင်ရာ လေ့ကျင့်ရေးသင်တန်းနှင့် စက်မှုသင်တန်းကျောင်းတို့မှ ပူးပေါင်းဆောင်ရွက်သည့် အတန်းကို တက်ရောက်မည့် ကျောင်းသားသစ်များ အနေဖြင့် <u>ကျောင်းဝင်ခွင့်လျှောက်ထားခြင်း သို့မဟုတ် လျှောက်အပ်နှံထားခြင်းစသည့် အထောက်အထားများကို ပူးတွဲတင်ပြပါ</u> (မရှိသူများအနေဖြင့် ပေးပို့ပေးရန်မလိုပါ။)
6. ဆရာဆရာမထံမှ အကြံပြုစာရွက်စာတမ်း (မရှိသူများအနေဖြင့် ပေးပို့ရန်မလိုပါ။)

(၅) ဝင်ခွင့်ဗီဇာ - နိုင်ငံကူးလက်မှတ်၏ သက်တမ်းသည် 6 လထက်ပိုမှသာလျှင် ဝင်ခွင့်ပြုမည်ဖြစ်သည်။ သင်ကိုင်ဆောင်ထားသည့် နိုင်ငံကူးလက်မှတ်ပေါ်မူတည်၍ ဗီဇာကင်းလွတ်ခွင့်ရရှိသည့်ရက်များ ကွဲပြားပါသည်။ လျှောက်ထားသူများအနေဖြင့် ထိုင်ဝမ်တွင် နေထိုင်သည့်ကာလစုစုပေါင်းရက် 30～90 ထက်ကျော်လွန်နေထိုင်လို၊ သက်တမ်းတိုးလိုသူဖြစ်ပါက ဗီဇာကင်းလွတ်ခွင့်သို့မဟုတ် ဆိုက်ရောက်ဗီဇာဖြင့် လျှောက်ထားနိုင်မည်မဟုတ်ပေ။ ကျေးဇူးပြု၍ ကျွန်ုပ်တို့ (ထိုင်ဝမ်) နိုင်ငံရပ်ခြား ရုံးဌာနများတွင် သင့်လျော်သော ဗီဇာများဖြင့်ကြိုတင်လျှောက်ထားပြီး ထိုင်ဝမ်သို့ ဝင်ရောက်ပေးပါ။ သို့မဟုတ်ပါက ထိုင်ဝမ်တွင် နေထိုင်ခွင့်သက်တမ်းတိုးခြင်း မပြုနိုင်ပါ။ အဆိုပါက ကိစ္စနှင့်တပ်သက်၍ အိမ်ရှင် (စီစဉ်သူ) မှ တာဝန်ယူပေးမည်မဟုတ်ပါ။

**(၆)** တရုတ်အမျိုးသားရေးရာကော်မတီမှ အကြောင်းအရင်းအမျိုးမျိုးကြောင့် ဤလှုပ်ရှားမှုက ကျင်းပသင့်၊ မကျင်းပသင့်ကို ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ အကယ်၍လှုပ်ရှားမှုကို ဖျက်သိမ်းမည်ဆိုပါက နာမည်စာရင်းပေးသွင်းထားသူများကိုအကြောင်းကြားမည်။ နာမည်စာရင်းပေးသွင်းထားသူများအနေဖြင့် လေယာဉ်လက်မှတ်များ ကြိုတင်ဝယ်ယူထားပါက တရုတ်အမျိုးသားရေးရာကော်မတီမှ အဆိုပါအတွက် လျော်ကြေးပေးမည် မဟုတ်ပါ။

၅။ သင်တန်းအကြောင်းအရာ

(၁) တရုတ်ဘာသာစကားသင်ကြားခြင်း - အထူးကြပ်မတ်ထားသော သင်ခန်းစာများကို အသုံးပြုပြီး သင်ခန်းစာအကြောင်းအရာများသည် ကျောင်းသားများ၏ အကြား၊ အပြော၊ အဖတ်နှင့် အရေးစွမ်းအင်များကို တိုးမြှင့်စေမည်။ (တစ်ပတ်လျှင် နာရီ၂၀)။

(၂) ယဉ်ကျေးမှု - တရုတ်စုတ်တံလက်ရေးလှ ၊ တရုတ်ရိုးရာပန်းချီ ၊ ကလေးကစားစရာ ၊ ယက်လုပ်ခြင်း ၊ စက္ကူအနုပညာ ၊ တံဆိပ်တုံးလုပ်ခြင်း ၊ ခေါင်းလောင်းကစားခြင်း ၊ ကွန်ဖူးကစားခြင်း ၊ ရိုးရာအကပညာ ၊ မူလဌာနေတိုင်းရင်းသားစာပေ (တစ်နေ့လျှင် ၈ နာရီ ၊ သင်တန်းများကို ကျောင်းသားများစိတ်ကြိုက်အတိုင်း ရွေးချယ်နိုင်ပြီး ကျောင်းသားအရေအတွက်အလိုက် အချိန်ညှိ၍ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

(၃) တရုတ်စာလုံးကို ကွန်ပျူတာတွင် ရိုက်နှိပ်ခြင်း သင်ကြားရေးနှင့် အင်တာနက်အသုံးပြုပုံပြုနည်း အတန်းများ - သင်တန်းတွင် ဤကော်မတီ၏ တစ်ကမ္ဘာလုံးဆိုင်ရာ တရုတ်ဘာသာဝဘ်ဆိုက် (www.huayuworld.org) ရှိ အရင်းအမြစ်နှင့်လှုပ်ရှားမှုများကို ပေါင်းစပ်ပြီး ကျောင်းသားများအား တရုတ်ဘာသာစကားနှင့်တရုတ်ဘာသာဖြင့် ကွန်ပျူတာအသုံးပြုခြင်းများကို လေ့လာသင်ယူစေမည်။ (တစ်နေ့လှင် ၂ နာရီ။)

(၄) ညပိုင်းလှုပ်ရှားမှုများ - မိမိကိုယ်တိုင် လေ့လာခြင်း၊ သင်ကြားရေးအကူအညီရယူခြင်း သို့မဟုတ် အပန်းဖြေအနားယူခြင်း။

(၅) လူငယ်ဖိုရမ် - ဤကော်မတီ၏ တရုတ်နွယ်ဖွားကျောင်းသားအထူးတန်းမှကျောင်းသားများအား ဖိုရပ်များ စီစဉ်ပေးမည်။ ကျောင်းသားများအနေဖြင့်ပြည်တွင်းနည်းပညာနှင့် သက်မွေးဝမ်းကျောင်းပညာရေးနှင့် မိမိတို့၏ အနာဂတ်အသက်မွေးဝမ်းကြောင်းဆိုင်ရာ အစီအစဉ်များကို နားလည်သိရှိနိုင်စေရန်ဖြစ်သည်။

(၆) အခြား - ထိုင်ဝမ်လူနေမှုဘဝအတွေ့အကြုံ၊ ဗီဒီယိုကို ခံစားကြည့်ရှုခြင်း၊ ညနေပိုင်း လှုပ်ရှားမှု၊ မြို့ပြင်တစ်ဝိုက်လေ့လာရေးခရီး၊ ကျောင်းသို့ သွားရောက်လည်ပတ်မှုနှင့် သင်တန်းပြီးဆုံးခြင်း ၃ရက် ၂ညအိပ် ခရီး အထိမ်းအမှတ်ခရီးများ။

၆။ ဆီမီနာ၏ ထူးခြားချက်များ -

(၁) အထူးကြပ်မတ်ထားသော သင်ခန်းစာများကို အသုံးပြုပြီး နှစ်ဦးနှစ်ဘက်အပြန်အလှန် ပြောဆိုဆက်ဆံခြင်းဖြင့် သင်ယူမှုအပိုင်းတွင် စိတ်ဝင်စားမှုနှင့် ပိုမိုထိရောက်မှုတို့ကို အသုံးပြုသည်။

(၂) တရုတ်ဘာသာစကားကျွမ်းကျင်မှုအလိုက် အတန်းငယ်ပုံစံမျိုးဖြင့် သင်ကြားပေးသည်။

(၃) တရုတ်ဘာသာစကား၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာ ကျွမ်းကျင်သူများမှ သင်ကြား ပေးပြီး သင်ကြားမှုအပိုင်းတွင် အမြင်နှင့် အကြားဆိုင်ရာ သင်ထောက်ကူပစ္စည်း များကို အသုံးပြုပြီး သင်ယူမှုရလဒ်ကို တိုးမြှင့်စေမည်။

(၄) ထိုင်ဝမ်၏ ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှုလက္ခဏာများကို ခံစားကြည့် မည်။

(၅) ဆီမီနာကာအတွင်း ကျောင်းသားများသည် ဆီမီနာတည်ရှိရာနေရာတွင်သာ စား သောက်ရမည်ဖြစ်ပြီး လှုပ်ရှားမှုကာလအတွင်း နေထိုင်ရန်အဆောင်မှာ ၄-၆ ယောက် ကန့်သတ်ထားသည်ဖြစ်သည်။

(၆) စာသင်ခန်း၊ အဆောင်များတွင် လေအေးပေးစက်များထားရှိပေးထားပြီး အားလပ်ချိန်တွင် ကိုယ်လက်ကြံ့ခိုင်ရေးလှုပ်ရှားနိုင်ရန်အတွက် နေရာများလည်း ထားရှိပေးထားသည်။ ထို့အပြင် ကိုယ်တိုင်လျှော်ဖွေနိုင်သော အဝတ်လျှော်စက် များကိုလည်း ထားရှိပေးထားသည်။

(၇) ဆီမီနာကျောင်းသားများသည် အတန်းတိုင်းတွင် သတ်မှတ်ထားသော နေထိုင်မှု စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။ သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း လိုက်နာခြင်းမရှိဘဲ အခြေအနေဆိုးရွားမှုကြောင့်စခန်းမှ ပယ်ထုတ်ခြင်းခံရ သူများသည် နောင်တွင် ဤကဲ့သို့သော ဆီမီနာတွင် ပါဝင်ချင်ပါက မိမိစားရိတ် ဖြင့် ကျခံရမည်ဖြစ်သည်။ ဤကော်မတီမှ ထောက်ပံ့ကြေးများ ပေးမည်မဟုတ် ပါ။

(၈) ကျောင်းသားအားလုံးသည် မိဘ သို့မဟုတ် သတ်မှတ်ထားသော ဆွေမျိုး မိတ်ဆွေများမှ ခိုင်လုံသောအထောက်အထားကို ပြသနိုင်ပါက အပြင်တွင် နေထိုင်ခွင့်ရှိသည်။

၇။ ရောက်ရှိကြောင်း မှတ်ပုံတင်ခြင်း -

(၁) ရက်စွဲ - ဝင်ခွင့်အကြောင်းကြားခြင်းဆိုင်ရာ သတ်မှတ်စည်းမျဉ်းများနှင့်အညီ လုပ်ဆောင်မည်။ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်မည့်နေ့ကို ပြောင်းလဲလိုသူများအနေဖြင့် အမည်စာရင်းပေးသွင်းသည့် အဖွဲ့အစည်းဖြစ် သော တရုတ်အမျိုးသားရေးရာကော်မတီ၏ ခွင့်ပြုချက်ကို ဦးစွာတောင်းယူရ မည်။ အများဆုံးအနေဖြင့် 3 ရက်သာ ခွင့်ပြုသည်။

(၂) နေရာ - ဝင်ခွင့်အကြောင်းကြားစာကို ဖတ်ရှုပေးပါရန်။

(၃) ကျောင်းသားများသည် ရောက်ရှိကြောင်း စာရင်းပေးရာတွင် ကျောင်းသားများ အနေဖြင့် မိမိပေးသွင်းရမည့်ပမာဏကို ပေးသွင်းရမည်ဖြစ်ပြီး နိုင်ငံကူး လက်မှတ် (အတူတူ ထိန်းသိမ်းထားရန်) အတွက် ပေးအပ်ရမည်ဖြစ်သည်။ ထို့နောက် ကျောင်းသားကတ်နှင့် တည်းခိုရမည့်အဆောင်၏ နာမည်စာရင်းကို ထုတ်ယူရမည်ဖြစ်သည်။

(၄) အဖိုးအခ -

1. **3** ပတ်သင်တန်းမှာ တစ်ဦးလျှင် ထိုင်ဝမ်ဒေါ်လာ (အောက်) 37,500 ယွမ် ဖြစ်ပြီး ကျောင်းသားများအနေဖြင့် 22,500 ယွမ်ပေးချေရမည်။ ဤ ကော်မတီမှ 15,000 ပေးချေပေးမည်ဖြစ်သည်။
2. **4** ပတ်သင်တန်းမှာ တစ်ဦးလျှင် ထိုင်ဝမ်ဒေါ်လာ (အောက်) 50,000 ယွမ် ဖြစ်ပြီး ကျောင်းသားများအနေဖြင့် 30,000 ယွမ်ပေးချေရမည်။ ဤ ကော်မတီမှ 20,000 ပေးချေပေးမည်ဖြစ်သည်။
3. **6** ပတ်သင်တန်းမှာ တစ်ဦးလျှင် ထိုင်ဝမ်ဒေါ်လာ (အောက်) 75,000 ယွမ် ဖြစ်ပြီး ကျောင်းသားများအနေဖြင့် 45,000 ယွမ်ပေးချေရမည်။ ဤ ကော်မတီမှ 30,000 ပေးချေပေးမည်ဖြစ်သည်။

၈။ ဂရုပြုရမည့်အချက်အလက်များ -

(၁) ကျောင်းသားများအနေဖြင့် ဆီမီနာကာလအတွင်း ဖြေဆိုရသော စာမေးပွဲများ ကို အောင်မြင်ပါက ဤကော်မတီမှ တရုတ်၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် သင်တန်း ပြီးဆုံးကြောင်းလက်မှတ်ကို ထုတ်ပေးပြီး တရုတ်ဘာသာစကားသင်ယူထား သော အချိန်အရေအတွက်ကိုလည်း ထည့်သွင်းဖော်ပြပေးမည်ဖြစ်သည်။

(၂) ဆီမီနာကာလအတွင်း ဤလှုပ်ရှားမှုနှင့် ပတ်သက်သော စည်းမျဉ်းများအားလုံး ကို လိုက်နာရမည်ဖြစ်ပြီး ကြီးလေးသော စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ပါက ဤကော်မတီမှ သတ်မှတ်စည်းမျဉ်းများနှင့်အညီ သင်တန်းမှ ထုတ်ပယ်မည်ဖြစ်သည်။

(၃) ဆီမီနာကျင်းပသည့်နေရာတွင် ကျောင်းသားများ ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်းများကို တားမြစ်ထားပြီး စည်းကမ်းချိုးဖောက်သူများကို သတ်မှတ်စည်းမျဉ်းများနှင့်အညီ အရေးယူမည်။

(၄) ဆီမီနာတွင် ပါဝင်သော ကျောင်းသားများသည် မထွက်ခွာမီ နေထိုင်ရာနိုင်ငံတွင် တစ်ကိုယ်ရည် ကျန်းမာရေးအာမခံများကို ဝယ်ယူထားရမည်။ ဆီမီနာကာလအတွင်း ပြင်းထန်သောနာမကျန်းမှု သို့မဟုတ် အရေးပေါ် ဆေးဝါးကုသခံယူမှုတို့ကြောင့် ဖြစ်ပေါ်လာသော အခြားဆက်စပ်ကုန်ကျစားရိတ်များကို မိမိဘာသာကျခံရမည်ဖြစ်သည်။ ကျောင်းသားနှင့် ကျောင်းသားမိဘများအနေဖြင့် ဤကော်မတီ သို့မဟုတ် ဦးစီးကျင်းပသည့်အဖွဲ့အစည်းများသို့ အဆိုပါအတွက်တောင်းဆိုခွင့်မရှိပါ။

(၅) အကယ်၍ အထူးရောဂါ သို့မဟုတ် ပြင်းထန်သောရောဂါများကြောင့် ဖြစ်ပေါ်လာသော လက္ခဏာများ (နှလုံးရောဂါ၊ ဦးနှောက်သွေးကြောဆိုင်ရာရောဂါ၊ ဆီးချိုရောဂါ၊ စိတ်ရောဂါ၊ ဝက်ရူးပြန်ရောဂါ၊ ကူးစက်ရောဂါ၊ လှုပ်ရှားမှုမတိုင်ခင် အကြီးစားခွဲစိတ်မှု၊ ကိုယ်ဝန်စသည့်) ရှိပါက ဤဆီမီနာကို နာမည်စာရင်းမပေးသွင်းပါရန်။

၉။ အမည်စာရင်းပေးသွင်းခြင်းအကြောင်းအရာနှင့် ပတ်သက်၍ တစ်စုံတစ်ခု သံသယရှိပါက တရုတ်ယေဘူယျမှတ်စုဖြင့်သာ အတည်ပြုမည်ဖြစ်သည်။

ပူးတွဲစာမျက်နှာ 1

| အတန်းအမျိုးအစား | ကာလအမျိုးအစား | လုပ်ဆောင်သည့် အချိန်ကာလ | သင်တန်းကာလ | အပ်နှံနိုင်သေးသည့် ကျောင်းသားဦးရေ | မှတ်စု |
|---|---|---|---|---|---|
| တစ်ကမ္ဘာလုံးဆိုင်ရာ အတန်း | အပတ်စဉ် 2 (ဆယ်ကျော်သက်လူငယ်အတန်း) | 6/25～7/13 | 3 ပတ် | 40 | 1. တစ်ကမ္ဘာလုံးဆိုင်ရာ အတန်းအတွက် အသက် ၁၄ နှစ် ၂၀ နှစ် အကြား ဖြစ်သော မည်သည့် ဆယ်ကျော်သက် တရုတ်နွယ်ဖွားလူငယ် မဆို အပ်နှံနိုင်သည်။<br>2. အပတ်စဉ် 2 နှင့် အပတ်စဉ် 3 ဆယ်ကျော်သက် လူငယ်အတန်း နှင့် လူငယ်အတန်း။<br>3. ဆယ်ကျော်သက် လူငယ်အတန်းကို အပ်နှံနိုင်သည့် လူဦးရေ မှာ အသက် 14 မှ အသက် 18 နှစ်ကြား ဖြစ်ပြီး လူငယ်အတန်း ကို အပ်နှံနိုင်သူမှာ အသက် 18 နှစ်မှ အသက် 20 အကြား လူငယ်ဖြစ်သည်။ |
| | အပတ်စဉ် 2 (လူငယ်အတန်း) | | | 20 | |
| | အပတ်စဉ် 3 (ဆယ်ကျော်သက်လူငယ်အတန်း) | 7/15～8/9 | 4 ပတ် | 80 | |
| | အပတ်စဉ် 3 (လူငယ်အတန်း) | | | 40 | |
| ဒေသ | ထိုင်းအတန်း 1 | 3/24～5/4 | 6 ပတ် | 120 | |

| | | | | | |
|---|---|---|---|---|---|
| အလိုက်အထူးတန်း | ဖိလစ်ပိုင်အတန်း | 6/12～7/7 | 4 ပတ် | 120 | |
| | အင်ဒိုနီးရှားအတန်း | 6/24～7/19 | 4 ပတ် | 180 | |
| | ထိုင်းအတန်း 2 | 7/3～7/28 | 4 ပတ် | 70 | |

| အဖွဲ့အစည်း | ဖုန်း | ဖက်စ် | အီးမေးလ် |
|---|---|---|---|
| ထိုင်းနိုင်ငံအခြေစိုက် တရုတ်နွယ်ဖွား ရေးရာအဖွဲ့ | +66-2-119-3555 +6 | +66-2-119-3566 | thailand@ocac.gov.tw |
| ဖိလစ်ပိုင်တရုတ် ဘာသာသင်ကြား ရေးစင်တာ | +63-2-8243-0059~61 | +63-2-8242-2266 | manila@ocac.gov.tw |
| အင်ဒိုနီးရှားနိုင်ငံ အခြေစိုက် တရုတ် နွယ်ဖွားရေးရာအဖွဲ့ | +62-21-515-3939 လိုင်းခွဲ 411/420 | +62-21-515-4228 | indonesia@ocac.gov.tw |